## သက်န်း၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ချမ်း-ပူကို ဖျက်၊ ခြင်-မှတ်-လေ-နေ၊/ ကင်း-မြွေလွဲသုန်၊ ဟိရီဂုဏ်ကို၊/ ကုန်စေ တတ်စွာ၊ ကိုယ်အင်္ဂါကို၊/ လုံပါစေလို၊ ကိုယ်ကို စံပယ်၊/ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ် မသန်း၊/ ဤသင်္ကန်းကို၊ ဖုံးလွှမ်း ဝတ်ရုံပါသတည်း။

## ဆွမ်း၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊/ မြူးရယ်မာန်ကြွ၊ လှပ ရေဆင်း၊/ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊/ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်/ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊/ မမောပန်းပြေး၊ ဘုရားသာသနာ၊/ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊/ ဝေဒနာဟောင်း-သစ်၊ မဖြစ်စေရ၊/ ယာပိုထ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊/ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊/ သုံးဆောင်မှီဝဲပါသတည်း။

## ကျောင်းအိပ်ရာ-နေရာ ၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ချမ်း-ပူကိုဖျက်၊ ခြင်-မှတ်-လေ-နေ၊/ကင်းမြွေဝေးမှု၊ ဥတု ဘေးဘျမ်း၊/ မသန်း ကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊/ နေရာ ကျောင်းကို၊/ ကိန်းအောင်းမှီခို ပါသတည်း။

## ဆေးအကပ်ခံရာ ဆေးဘုဉ်းပေးရာ၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊/ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊/ စွန့်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍၊/ လူမင်းမြတ်စွာ၊ သာသနာကို၊/ ကြည်သာရွှင်လန်း၊ဖြည့်ကျင့်စွမ်းနိုင်ဖို့၊/ရည်မှန်းသုံးဆောင်ပါသတည်း။

## အမျှပေးဝေပုံ

ဤကုသိုလ်၏ အဖို့ဘာဂကို/ မိဘဆရာ သံဃာတော်အပေါင်း/ ဒါယကာ, ဒါယိကာမအပေါင်း/ နတ်အပေါင်းနှင့်တကွ/ သတ္တဝါဟူသမျှ တို့အား/ အမျှပေးဝေကြပါကုန်၏/ အမျှရကြပါစေကုန်သတည်း။

(adv)
သာဓု သာဓု သာဓု

❖❖❖

## နေ့အလိုက် ဂုဏ်တော်ပူဇော်ရန်

၁။ တနင်္ဂနွေနေ့ - ဘုရားဂုဏ်တော် (စာ-၁၆)
(အရဟံဂုဏ်တော်မှ သုဂတဂုဏ်တော်အထိ)

၂။ တနင်္လာနေ့ - ဘုရားဂုဏ်တော် (စာ-၁၈)
(လောကဝိဒူဂုဏ်တော်မှ ဗုဒ္ဓဂုဏ်တော်အထိ)

၃။ အင်္ဂါနေ့ - ဘုရားဂုဏ်တော် (စာ-၂၀)
(ဣဿရိယဘုန်းတော်)

၄။ ဗုဒ္ဓဟူးနေ့ - ဘုရားဂုဏ်တော် (စာ-၂၀)
(ဓမ္မဘုန်းတော်မှ ပယတ္တဘုန်းတော်အထိ)

၅။ ကြာသပတေးနေ့ - တရားဂုဏ်တော်အကုန် (စာ-၂၂)

၆။ သောကြာနေ့ - သံဃာ့ဂုဏ်တော် (စာ-၂၅)
(သုပ္ပဋိပန္နဂုဏ်တော်မှ ပုရိသယုဂါနိပါဠိအဖွင့်အထိ)

၇။ စနေနေ့ - သံဃာ့ဂုဏ်တော် (စာ-၂၆)
(အာဟုနေယျဂုဏ်တော်မှ အနုတ္တရပုညက္ခေတ္တအထိ)

❖❖❖

Scanned with CamScanner

## ညဝတ်ရွတ်စဉ်

ဗုဒ္ဓံ ပူဇေမိ။

ဓမ္မံ ပူဇေမိ။

သံဃံ ပူဇေမိ။

## ဘုရားဂုဏ်တော်များ

### ဂုဏ်တော် ၉-ပါး ပါဠိတော်

ဣတိပိ/ သော ဘဂဝါ/ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,/
ဝိဇ္ဇာစရဏသမ္ပန္နော,/ သုဂတော, လောကဝိဒူ,/
အနုတ္တရော ပုရိသဒမ္မသာရထိ,/သတ္ထာဒေဝမနုဿာနံ,/
ဗုဒ္ဓေါ, ဘဂဝါ။

### အရဟံ ဂုဏ်တော်အဖွင့်

(၁) သော ဘဂဝါ-/ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ဣတိပိ ဣမိနာစ ကာရဏေန-/တစ်ထောင့်ငါးရာ ကိလေသာတို့/ဝါသနာမလေ့ အထိုင်ငွေ့ မျှ/ မငွေ့မရိပ် ဝင်းဝင်းဖိတ်သို့/ ရွှေစိတ်ပျံ့သင်းလွန်သန့်ရှင်း၍/ မင်းမင်းပြည်သူ ကြည်ဖြူကော်ရော်/ အလှူတော်မှန် အပူဇော်ကို/ ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊/ အရဟံ-/ အရဟံဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖွင့်

(၂) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဣတိပိ ဣမိနာ စ ကာရဏေန-/သဗ္ဗညုဉာဏ်အား စွမ်းပကားဖြင့်/ များသင်္ခါရ ဝိကာရနှင့်/ လက္ခဏာပညတ် နိဗ္ဗာန်ဓာတ်ဟု/ ငါးရပ်သိရန် ဉေယျဓမ်ကို/ ဖောက်ပြန်မရှိ ကိုယ်တော်တိုင်သိတော်မူသော ဤအကြောင်းကြောင့်လည်း၊/ သမ္မာသမ္ဗုဒ္ဓေါ-/ သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် / အံ့ချီး၍မကုန် ဖြပ်မ္ဘောဘုံတိုင်အောင်/ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ဖွင့်

(၃) သောဘဂဝါ-/ထိုရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန-/ သုံးပါး ရှစ်ပါး နှစ်မျိုးအားဖြင့်/ ဟောထား ပညာ ဉာဏ်ဝိဇ္ဇာတည်း၊/ နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့/ ဆိုက်ကပ်ရန်ဖြင့် အမှန်သင့်သည့်/ အကျင့်စရဏ ဆယ့်ငါးဝနှင့် / တကွဥဿုံ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊/ ဝိဇ္ဇာစရဏသမ္ပန္နော-/ ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြပ်မ္ဘောဘုံတိုင်အောင်/ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## သုဂတ ဂုဏ်တော်ဖွင့်

(၄) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဣတိပိ ဣမိနာ စ ကာရဏေန-/ ဒီပင်္ကရာ ထွတ်ချာသနင်းခြေတော်ရင်းမှ/ မှန်ကင်းသီရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင်/ ဆယ်ခိုင်ပါရမီ စုံပြည့်ညီလျက်/သုံးလီဘဝ များသတ္တ၀ါ၏ / သုခစီးပွား ကျင့်သောအားဖြင့် / မိုက်မှားအယူ မိစ္ဆာဟူက/ ဆံမြှုတစ် မကပ်ငြိဘဲ/ သတိ

သမ္ဗောဓိ မပြတ်ယှဉ်လျက်/ သဗ္ဗညုတဉာဏ်တော် ရကြောင်းရော်၍/ ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊/ သုဂတော-/ သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြပ်ဓ္မဘုံတိုင်အောင်/ ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## လောကဝိဒူ ဂုဏ်တော်ဖွင့်

(၅) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဣတိပိ ဣမိနာ စ ကာရဏေန-/ သတ္တောကာသ သင်္ခါရဟု/ လောကသုံးဘုံ အလုံးစုံကို/ အာရုံထင်စွာ ပိုင်းခြားကာဖြင့်/ ကောင်းစွာကုန်စင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း၊/လောကဝိဒူ-/လောကဝိဒူ-ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြပ်ဓ္မဘုံတိုင်အောင်/ ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ဖွင့်

(၆) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဣတိပိ ဣမိနာစ ကာရဏေန-/ ဆုံးမသင့်ရန် သတ္တဝါမှန်သော်/ ခြောက်တန်လျှင်ခြောက် မြှောက်တန်မြှောက်၍/ အောက်အောက်ထက် ဂုဏ် ဆင့်ဆင့်စုံဖို့/ ဖုံဖုံသင်ပေး အစဉ်ဖေးလျက်/ ယဉ်ကျေးလေအောင် သွေးဆောင်ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊/ အနုတ္တရော ပုရိသဒမ္မသာရထိ-/ အနုတ္တရော ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြပ်ဓ္မဘုံတိုင်အောင်/ ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

Scanned with CamScanner

## သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ဖွင့်

(၇) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ကပ္ပတိပိ ကပ္ပမိနာ စ ကာရဏေန-/ သတ္တဝါဟော် ကုန်သည်ကျော်သည်/ ဖော်လှော်ငယ်သား နောက်ပါများကို/ ရေရှားဘေးခကန္တာရမှ/ ခေမမြေငူ ထုတ်ကယ်ယူသို့/ ထို့တူတစိ ခဲယဉ်းဘိသည့်/ ဇာတိ ဇရာ မရဏာဟု/ ကန္တာရကြမ်း ခရီးလမ်းမှ/ ရွှေနန်းမြေငူ ပြည်နိဗ္ဗူသို့/ နတ်လူ ဗြဟ္မာ သတ္တဝါကို/ ကောင်းစွာဆောင်ယူ ကယ်တင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊/ သတ္ထာဒေဝမနုဿာနံ-/သတ္ထာဒေဝမနုဿာနံ ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## ဗုဒ္ဓ ဂုဏ်တော်ဖွင့်

(၈) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ကပ္ပတိပိ ကပ္ပမိနာ စ ကာရဏေန-/ ဒုက္ခ, သမုဒယ နိရောဓနှင့်/ မဂ္ဂမည်သာ လေးသစ္စာကို/ ဦးစွာပိုင်ပိုင် သိမြင်နိုင်၍/ သုံးဆိုင်ဝေနေများဖိုလ်ခြေကို/မသွေအတူသိစေတော်မူနိုင်သောဤအကြောင်းကြောင့်လည်း၊/ ဗုဒ္ဓေါ-/ ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## ဘဂဝါ ဂုဏ်တော်ဖွင့်

(၉) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ကပ္ပတိပိ ကပ္ပမိနာစ ကာရဏေန-/

## ဣဿရိယဘုန်းတော် ၈-ပါး

(၁) အဏုမြူသဖွယ် ပျောက်ကွယ်သိမ်မွေ့/ မမြင်တွေ့အောင် ရုပ်ဆောင်ဖန်ဆင်းနိုင်သော "အဏိမာ"ဘုန်းတော်။

(၂) စိတ်၏အလား ကောင်းကင်ဖျား၌/ ပေါ့ပါးလျင်မြန် ဈာန်ပျံ ကြွသွားနိုင်သော "လဃိမာ" ဘုန်းတော်။

(၃) ကိုယ်တော်သဏ္ဌာန် ပုံဟန်တိုင်းပြောင်း/မန္တိုင်းအားဖို့ ကြီးမားလေ အောင်/ ရုပ်ဆောင်ဖန်ဆင်းနိုင်သော "မဟိမာ" ဘုန်းတော်။

(၄) ဆီးတားကွယ်ကာမရှိပါဘဲ/လိုရာတိုင်းပေါက်တစ်ခဏလောက် ဖြင့်/ ကြွရောက်နိုင်သော "ပတ္တိ" ဘုန်းတော်။

(၅) အဆင်းအတန်တန် ပုံသဏ္ဌာန်ကို/ စီမံဖန်တီး တစ်ခဏတည်း ဖြင့်/ ပြီးစီးနိုင်သော "ပါကမ္မ" ဘုန်းတော်။

(၆) ကိုယ်တော်မြတ်၏ စိတ်ဓာတ်တော်မှ/ စ၍မကြွင်း လူနတ် မင်းကို/ ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော "ဤသိတာ" ဘုန်းတော်။

(၇) သမာပတ်ဈာန် အဘိညာဏ်ကို/ ဝင်စံလိုက တစ်ခဏချင်းပိုင်/ ဝင်စားနိုင်သော "ဝသိတာ" ဘုန်းတော်။

(၈) ကိစ္စတစ်ခု ပြုစုတုန်းပင်/ ပြီးဆုံးချင်သော် ဆောလျင်မသွေ/ ပြီးဆုံးစေနိုင်သော "ယတ္ထကာမာဝသာယိတာ" ဘုန်းတော်။

## ဘုန်းတော် ၆-ပါး

ရှစ်ဖော်အပြား ဤသို့အားဖြင့်/ ထင်ရှားလေဘိ **"ဣဿရိယ"**(၁) ဘုန်းတော်။

ကိလေသာရန် ပယ်ဖျက်လှန်ဖို့/ နိဗ္ဗာန်ဖိုလ်မဂ် ကိုးချက်အပြား/ လောကုတ္တရာတရားဟူသော **"ဓမ္မ"**(၂) ဘုန်းတော်။

ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ်လာ၍/ ကမ္ဘာတိုက်ပေါင်း သောင်းလောကဓာတ်/ ပွဲတင်ထပ်မျှ နှံ့စပ်သတင်း/ ကျော်စောခြင်း ဟူသော **"ယသ"**(၃) ဘုန်းတော်။

ရွှေမျက်နှာတော်လက်ခြေတော်မှ/စ၍မကြွင်းပင်လုံးဝင်းသည့်/ ပန်းမင်းအနေ ကျက်သရေမင်္ဂလာ စုဝေးကာဖြင့်/ လွန်စွာတင့်တယ် သပ္ပါယ်တော်မူသော **"သိရီ"**(၄) ဘုန်းတော်။

အလိုတော်အတိုင်းတောင့်တတိုင်းပင်/မဆိုင်းမတွ ပြီးစီးရသည့် **"ကာမ"**(၅) ဘုန်းတော်။

တစ်လောကလုံး ညွတ်ရုံးကိုးစား/ အားထားဖို့ရာ လွန်စွာကြိုးကုတ်/ အားထုတ်တော်မူသော **"ပယတ္တ"**(၆) ဘုန်းတော်။

+ ဤခြောက်ဖော်ဂုဏ် ဘုန်းတော်ဟုန်နှင့်/ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊/ ဘဂဝါ-/ ဘဂဝါ ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါ ပေသည်တကား။

## ဘုရားရှိခိုး ဂါထာဖွင့်

ဧဝံ နဝဟိ ဂုဏေဟိ, လောကမှိ ကိတ္တိဗျာပိတံ၊

အတုလံ ဓမ္မရာဇာနံ, ဝန္ဒာမိ တီဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ-/ ဤ အရဟတာ အစလာသည့်/ ကိုးဖြာသော ဂုဏ်တော်တို့ဖြင့်၊/ လောကမှိ-/ ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌/ ကိတ္တိဗျာပိတံ-/ သိမ့်သိမ့်တုန်ခပ် ပွဲတင်ထပ်မျှ/ နှံ့စပ်ကျော်စောတော်မူထသော၊/ အတုလံ-/ သီလခေါင်ထိ သမာဓိနှင့်/ ကြီးဘိပညာ လွန်ကဲသာ၍/ ပြိုင်လာ နိူင်းသူ အတူလည်း ရှိတော်မမူထသော၊/ ဓမ္မရာဇာနံ/-

သုံးဘုံမကိုင်မှု သုံးထိုက်သရဖူ/ သုံးလူသင်းကျစ် ဓမ္မရာဇ်ထွတ်ထား ရှင်တော်မြတ်ဘုရားကို၊/ တီဟိ-/ လက်အုပ်အဥ္ဇလီ နှုတ်သံချီ၍/ ရှင်ကြည်မနော သုံးပါးသော ဒွါရတို့ဖြင့်၊/ သာဒရံ-/ လေးမြတ်ကြည်ညို ရိုသေခြင်းရှိသည်ဖြစ်၍၊/ ဝန္ဒာမိ-/ ဂုဏ်တော် ထုံမွှမ်း ပုံတော်မှန်းလျက်/ ချီးမွမ်းထောမနာ ပဏ္ဏာညွတ်ကျိုး လက်စုံမိုး၍/ ရှိခိုးကန်တော့ပါ၏ ဘုရား။

## တရားဂုဏ်တော်

သွာက္ခာတော/ ဘဂဝတာ ဓမ္မော/
သန္ဒိဋ္ဌိကော အကာလိကော/
ဧဟိပဿိကော ဩပနေယျိကော/
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

### သွာက္ခာတ ဂုဏ်တော်ဖွင့်

(၁) ဘဂဝတာ-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဓမ္မော-/မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု/ဆယ်တန်သောတရားတော်မြတ်ကို၊/ သွာက္ခာတော-/ ကြားနာရုံပင် အပူစင်၍/ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း/ လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့်/ စခန်းသင့်အောင် မှန်းလင့်ရည်ရော်/ ကောင်းစွာဟောတော်မူအပ်ပါပေ၏။

### သန္ဒိဋ္ဌိက ဂုဏ်တော်ဖွင့်

(၂) ဓမ္မော-/မဂ်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည်၊/ သန္ဒိဋ္ဌိကော-/ဟောပြသလောက် ကျင့်တိုင်းပေါက်၍/မဂ်ရောက်ဖိုလ်ထိ ပညာရှိသည့်/များအရိယာသူတော်စွာတို့/သူတကာပြောယုံကြည်သော ကြောင့်/ သဘောချင်းထပ် မဆည်းကပ်ဘဲ/ တပ်အပ်ထင်ထင်

ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏။

## အကာလိက ဂုဏ်တော်ဖွင့်

(၃) ဓမ္မော-/ သောတာပတ္တိ စသည့်ဆင့်တက်/ လေးချက်အပြား မဂ်တရားသည်၊/ အကာလိကော-/ ငါးရက်ခုနစ်ရက် စသည်တက်၍/ ငံ့လျက်ရှည်ဝေး အကျိုးပေးရာ အခါမငံ့ / အခြားမဲ့ဖိုလ် အကျိုးကိုလည်း ပေးတော် မူတတ်ပါပေ၏။

## ဧဟိပဿိက ဂုဏ်တော်ဖွင့်

(၄) ဓမ္မော-/မဂ်,ဖိုလ်, နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည်၊/ ဧဟိပဿိကော-/ ဝေဟာတက်ထွန်း ယုဂန်စွန်း၌/ လဝန်းအလား ပတ္တမြားသဖွယ်/ စင်ကြယ်ထင်ရှား ရှိသည်များကြောင့်/ အားရရွှင်လန်း လိုက်ခဲ့ စမ်းပါ ရှုစမ်းပါဟု/ သံသာချိုမြ ဖိတ်ခေါ်ပြဖို့/ မုချကေန် အမှန်သင့်လျော် ထိုက်တော်မူပါပေ၏။

## ဩပနေယျိက ဂုဏ်တော်ဖွင့်

(၅) ဓမ္မော-/မဂ်,ဖိုလ်, နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည်၊/ ဩပနေယျိကော-/ မိမိစိတ်တွင် တစ်ကြိမ်ထင်က/ လေးခွင်အပါယ် ဝဋ်မီးကွယ်သဖြင့်/ ကိုယ်ဝယ်ဝတ်နှောင် ဆံဥသျှောင်ကို/ မီးလောင်သော်ငြား မငြိမ်းအားဘဲ/တရားမျက်ရှင် စိတ်စွဲထင်အောင်/ ကျင့်ဆောင်ခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

## ပစ္စတ္တံဝေဒိတဗ္ဗ ဂုဏ်တော်ဖွင့်

(၆) ဓမ္မော-/ မဂ်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သောတရားတော်မြတ်ကို၊/ ဝိညူဟိ-/ ပုထုဇန်နှင့် မတန်သင့်စွာ/ လေးသစ္စာကို ကောင်းစွာမြင်သိ/ ပညာရှိအပေါင်း အရိယာသူတော်ကောင်းတို့သည်၊/ပစ္စတ္တံ ဝေဒိတဗ္ဗော-/

ကိုယ်စီကိုယ်င လိုတိုင်းရ၍/ နိဗ္ဗာနဓာတ် သမာပတ်ဖြင့်/ မပြတ်သိပိုင် ခံစားနိုင်ပါပေ၏။

## တရားရှိခိုး ဂါထာဖွင့်

ဣစ္ဆေဝံ ဆဟိ ဂုဏောဟိ,/ ပါကဋံ့ ဇိနပူဇိတံ၊

သမ္ဗုတ္တိဒါယကံ ဓမ္မံ,/ ဝန္ဒာမိ တီဟိ သာဒရံ။

ဣစ္ဆေဝံ ဆဟိ ဂုဏောဟိ-/ ဤသွာက္ခာတတာ အစလာသည့်/ ခြောက်ဖြာသော ဂုဏ်တော်တို့ဖြင့်၊/ ပါကဋံ့-/ တိတ္ထိတို့ဘောင် လွန်မြားမြောင်သည့်/ ဟန်ဆောင်တရား အစားစားထက်/ မားမားစွင့်စွင့် ဂုဏ်ရည်တင့်၍/ ကြီးမြင့်ထင်ရှားပေထသော၊/ ဇိနပူဇိတံ-/ ကိုယ်တိုင်သိပြား ကိုယ့်တရားလည်း/ ငါးပါးမာရ်နှိမ် မာရဇိန်ပင်/ ကြိမ်ကြိမ်လေးမြတ် မှီဝဲပူဇော်တော်မူအပ်ထသော၊/ သမ္ဗုတ္တိဒါယကံ-/ ကျင့်ကြံလိုက်နာ ဝေနေယျာအား/ လူ့ ရွာနတ်ဌာန် နိဗ္ဗာန်အထိ သမ္ဗုတ္တိကို/ မိမိရရ ပေးစွမ်းနိုင်ပေထသော၊/ ဓမ္မံ-/ မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ဟု/ ဆယ်တန်သော တရားတော်မြတ်ကို၊/ တီဟိ-/လက်အုပ်အဉ္ဇလီ နှုတ်သံချီ၍/ ရွှင်ကြည်မနော သုံးပါးသော ဒွါရ တို့ဖြင့်၊/ သာဒရံ-/ လေးမြတ်ကြည်ညို ရိုသေခြင်းရှိသည်ဖြစ်၍၊/ ဝန္ဒာမိ-/ စိတ်ဖြင့်ဦးတန်း ဂုဏ်တော်မှန်းလျက်/ ချီးမွမ်းထောမနာ ပဏာညွတ်ကျိုး လက်စုံမိုး၍/ ရှိခိုးကန်တော့ပါ၏ဘုရား။

## သံဃာ့ဂုဏ်တော်ဖွင့်

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော/

ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော/

ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော/

သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော/

(ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ)၊/
သေ ဘဂဝတော သာဝကသံဃော/
အာဟုနေယျော ပါဟုနေယျော/
ဒက္ခိဏေယျော အဉ္ဇလိကရဏီယော/
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## သုပ္ပဋိပန္န ဂုဏ်တော်ဖွင့်

(၁) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သာဝကသံဃော-/ ဆုံးမထားဟန် တရားမှန်ကို/ နာခံလိုက်နာ အရိယာဟု/သဉ္ဇာရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်၊/ သုပ္ပဋိပန္နော/ တရားသဖြင့် ဆုံးမသင့်ရာ သာသနာဝယ်/ လျော်စွာထုံးပြ ဆုံးအမကို/ လုံးဝလိုက်နာ ကောင်းမွန်စွာလည်း ကျင့်တော်မူတတ်ပါပေ၏။

## ဥဇုပ္ပဋိပန္န ဂုဏ်တော်ဖွင့်

(၂) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သာဝကသံဃော-/ ဆုံးမထားဟန် တရားမှန်ကို/ နာခံလိုက်နာ အရိယာဟု/ သဉ္ဇာရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်၊/ ဥဇုပ္ပဋိပန္နော-/စဉ်းလဲသမှု မာယာစုဖြင့်/ဖုဖုထစ်ထစ် မကောက်ကျစ်ဘဲ/ စင်စစ်နိဗ္ဗာန် လမ်းဖြောင့်မှန်အောင်/ လျော်ကန်ချင့်မျှော် ကျင့်ကြံတော်မူတတ်ပါပေ၏။

## ဉာဏပ္ပဋိပန္န ဂုဏ်တော်ဖွင့်

(၃) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သာဝကသံဃော၊/ ဆုံးမထားဟန် တရားမှန်ကို/ နာခံလိုက်နာ အရိယာဟု/ သင်္ချာရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်၊/ ဉာယပ္ပဋိပန္နော-/ ကိုယ်ဝယ် ဝတ်နှောင် ဆံဥသျှောင်ကို/ မီးလောင်သော်ငြား မငြိမ်းအားဘဲ/ ကြီးမားလောင်မီး ဒုက္ခကြီးတို့/ အပြီးကေန် ငြိမ်းရာမှန်သည့်/ နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူတတ်ပါပေ၏။

## သာမိစိပ္ပဋိပန္န ဂုဏ်တော်ဖွင့်

(၄) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သာဝကသံဃော-/ ဆုံးမထားဟန် တရားမှန်ကို/ နာခံလိုက်နာ အရိယာဟု/သင်္ချာရှစ်ဖော်သံဃာတော်အပေါင်းသူတော်ကောင်းသည်၊/ သာမိစိပ္ပဋိပန္နော-/ရှိသေသမှုလူတို့ပြုသည့်/သာမိစိကံလျော်ထိုက်တန်အောင်/ ကျင့်ကြံတော်မူတတ်ပါပေ၏။

## ပုရိသယုဂါနိ ပါဠိဖွင့်

စတ္တာရိ-/ မဂ်, ဖိုလ် နှစ်ပါး အစုံအားဖြင့် လေးပါးကုန်သော၊/ ယဒိဒံ ပုရိသယုဂါနိ-/ အကြင်ယောကျ်ားအစုံတို့သည်၊/ အဋ္ဌ-/ အသီးအခြား ခွဲသောအားဖြင့် ရှစ်ပါးကုန်သော၊/ ပုရိသပုဂ္ဂလာ-/ ပုရိသပုဂ္ဂလ ခေါ်ကြထိုထို/ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ပါပေတည်း။

## အာယုနေယျ ဂုဏ်တော်ဖွင့်

(၅) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သေ သော သာဝကသံဃော-/ အစုံလေးပါး သီးခြားရှစ်ဖော်/ သံဃာတော်အပေါင်း ဤအရိယာ သူတော်ကောင်းသည်၊/ အာဟုနေယျော-/

တို့ပြန်ကြီးလေး အကျိုးပေးသဖြင့်/အဝေးမှယူ ဆောင်၍မူလည်း/ ကြည်ဖြူလေးမြတ် ပူဇော်အပ်သည့်/ လာဘ်သပ်ပကာ အဖြာဖြာကို/ ကောင်းစွာသိမ်းပိုက် ခံယူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

## ပါဟုနေယျ ဂုဏ်တော်ဖွင့်

(၆) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သေ သော သာဝကသံဃော-/ အစုံလေးပါး သီးခြားရှစ်ဖော်/ သံဃာတော်အပေါင်း ဤအရိယာသူတော်ကောင်းသည်၊/ ပါဟုနေယျော-/ ဝေးရပ်မျိုးနွယ် များညေ့သည်ဖို့/ ရည်ရွယ်မှန်းထား ပစ္စည်းများကို/ ဘုရားတစ်ဆူ ပွင့်တော်မူမှ ပေါ်လာကြသည့်/ ကမ္ဘာ့ညေ့ကောင်း သူတော်ပေါင်းမို့/အကြောင်းတိုက်စွာ ပေးလှူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

## ဒက္ခိဏေယျ ဂုဏ်တော်ဖွင့်

(၇) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သေ သော သာဝကသံဃော-/ အစုံလေးပါး သီးခြားရှစ်ဖော်/ သံဃာတော်အပေါင်း ဤအရိယာသူတော်ကောင်းသည်၊/ ဒက္ခိဏေယျော-/ တမလွန်စခန်း ကြီးပွားလမ်းဖို့/ မျှော်မှန်းရည်ရွယ် ပေးလှူဖွယ်ကို/ရည်ရွယ်သမျှအကျိုးရသဖြင့်/တစ်စမချန်အလှူခံခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

## အဥ္ဇလိကရဏီယ ဂုဏ်တော်ဖွင့်

(၈) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သေ သော သာဝကသံဃော-/ အစုံလေးပါး သီခြားရှစ်ဖော်/ သံဃာတော်အပေါင်းဤအရိယာသူတော်ကောင်းသည်၊/အဥ္ဇလိကရဏီယော-/

တစ်လောကလုံး ကိုင်းညွတ်ရုံးလျက်/ ရွှင်ပြုံးကြည်ညို ရိုသေမြတ်နိုး လက်အုပ်မိုး၍/ ရှိခိုးခြင်းကိုလည်း ထိုက်တော်မူပါပေ၏။

## အနုတ္တရ ပုညက္ခေတ္တ ဂုဏ်တော်ဖွင့်

(၉) ဘဂဝတော-/ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊/ သေ ဝေသာ သာဝကသံဃော-/ အစုံလေးပါး သီးခြားရှစ်ဖော်/ သံဃာတော်အပေါင်း ဤအရိယာသူတော်ကောင်းသည်၊/ လောကဿ-/ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်း၏၊/ အနုတ္တရံ-/ အတုမရှိ မြတ်ခေါင်ထိသော၊/ ပုညက္ခေတ္တံ-/ ကုသိုလ်ကောင်းမှု မျိုးစေ့စု၏၊/ ကြီးထုမြင့်မား စွင့်စွင့်ကားလျက်/ ဖွင့်ထွားဖွယ်ရာ လယ်ယာမြေကောင်းအတူ ဖြစ်တော်မူပါပေ၏။

## သံဃာရှိခိုး ဂါထာဖွင့်

ဧဝံ နဝဟိ ဂုဏေဟိ,/ လောကမှိ ဝိသုတံ ဂဏံ၊
သာသနံ စိရဓာတာရံ/ ဝန္ဒာမိ တီဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ-/ ဤသုပ္ပဋိပန္နတာ အစလာသည့်/ ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်၊/ လောကမှိ-/ ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌၊/ ဝိသုတံ-/ တိတ္ထိတို့ဘောင် လွန်များမြောင်သည့်/ ဟန်ဆောင်သံဃာ အဖြာဖြာထက်/ အရာရာဖြင့် ဂုဏ်ရည်တင့်၍/ ကြီးမြင့်ထင်ရှားပေထသော၊/ သာသနံ-/ ကမ္ဘာ့ကမ္ဘာ လွန်လေပါလည်း/ တစ်ခါတစ်ဖန် ကြုံရန်ခဲကပ်/ အမြတ်ရတနာ ဤသာသနာတော် မြတ်ကြီးကို၊/ စိရဓာတာရံ-/ ဘုရားလက်ထက် အဆက်ဆက်မှ/ မပျက်ရအောင် ပို့ချသင်ယူ/ ဆောင်ရွက်တော်မူလာပေထသော၊/ ဂဏံ-/ အတွင်းစိတ်ဓာတ် မြင့်မြတ်ကြည်လင်/ သူတော်စင်ကောင်း အရိယာသံဃာတော်အပေါင်းကို၊/ တီဟိ-/ လက်အုပ်အဥ္ဇလီ နှုတ်သံချီ၍/

ရွှင်ကြည်မနော သုံးပါးသော ဒွါရတို့ ဖြင့်၊/ သာဒရံ-/ လေးမြတ်ကြည်ညို ရှိသေခြင်းရှိသည်ဖြစ်၍၊/ ဝန္ဒာမိ-/ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက်/ ချီးမွမ်းထောမနာ ပဏာညွှတ်ကျိုး လက်စုံမိုး၍/ ရှိခိုးကန်တော့ပါ၏ ဘုရား။

## နေ့အလိုက် ပရိတ်ရွတ်ရန်

| | | |
|---|---|---|
| ၁။ | တနင်္ဂနွေနေ့ | - သမန္တာမှ စ၍ မင်္ဂလသုတ် (စာ-၃၀) |
| ၂။ | တနင်္လာနေ့ | - ရတနသုတ် (စာ-၃၅) |
| ၃။ | အင်္ဂါနေ့ | - မေတ္တသုတ် (စာ-၄၁) |
| ၄။ | ဗုဒ္ဓဟူးနေ့ | - ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် (စာ-၄၃) |
| ၅။ | ကြာသပတေးနေ့ | - ဓဇဂ္ဂသုတ် (စာ-၄၇) |
| ၆။ | သောကြာနေ့ | - အာဋာနာဋိယသုတ် (စာ-၅၄) |
| ၇။ | စနေနေ့ | - အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် (စာ-၅၉) |

■

## အရပ်ဆယ်မျက်နှာ မေတ္တာပို့

၁။ အရှေ့အရပ်၌ နေကြကုန်သော/ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာချမ်းသာကြပါစေ။

၂။ အရှေ့တောင်ထောင့်အရပ်၌နေကြကုန်သော/ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာချမ်းသာ ကြပါစေ။

၃။ တောင်အရပ်၌ နေကြကုန်သော/ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာချမ်းသာကြပါစေ။

၄။ အနောက်တောင်ထောင့်အရပ်၌ နေကြကုန်သော/ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်/ ဘေးရန်ကင်းကွာ/ကျန်းမာ ချမ်းသာကြပါစေ။

၅။ အနောက်အရပ်၌ နေကြကုန်သော/ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာချမ်းသာကြပါစေ။

၆။ အနောက်မြောက်ထောင့်အရပ်၌ နေကြကုန်သော/ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာ ချမ်းသာကြပါစေ။

၇။ မြောက်အရပ်၌ နေကြကုန်သော/ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာချမ်းသာကြပါစေ။

၈။ အရှေ့မြောက်ထောင့်အရပ်၌ နေကြကုန်သော/ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာ ချမ်းသာကြပါစေ။

၉။ အောက်အရပ်၌ နေကြကုန်သော/ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာချမ်းသာကြပါစေ။

၁၀။ အထက်အရပ်၌ နေကြကုန်သော/ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်/ ဘေးရန်ကင်းကွာ/ ကျန်းမာချမ်းသာကြပါစေ။

Scanned with CamScanner

# ကျောင်းတိုက်၏ ကျင့်ဝတ်စည်းကမ်းများ

## စာအံကျောင်းသိမ်းချိန် ရွတ်ဆိုရန်

အကျင့်လည်း ပြင်၊ စာလည်း သင်၊ မြင့်တင် သာသနာ။

## ကြမ်း (၈) ပါး

စားကြမ်း, အိပ်ကြမ်း၊ အသွားကြမ်း၊/ အထိုင်ကြမ်းကို ပယ်ရမည်။

ရယ်ကြမ်း, စိတ်ကြမ်း၊ ကိုယ်, နှုတ်ကြမ်း၊/ ဆုံးမကြမ်းလည်း ပယ်ရမည်။

## ကျယ် (၅) ပါး

စကားပြောကျယ်၊ အရယ်ကျယ်နှင့်၊/ ခေါ်ကျယ်, ချေကျယ်၊ အသန်းကျယ်/ ကျယ်ငါးပါးကို ပယ်ရမည်။

Scanned with CamScanner

## များ (၈) ပါး

စကား, အိပ်, စား၊ မှုသစ်များ၊/ အရယ်များကို ပယ်ရမည်။
ပစ္စည်းစုများ၊ ရောနှောများ၊/ လည်ပတ်များလည်း ပယ်ရမည်။

## ဗာလ နှင့် ပဏ္ဍိတ

ကြမ်း, ကျယ်, များ ကို၊ မပယ်လို၊/ ထိုထိုလူ့ ဗာလ။
ကြမ်း, ကျယ်, များ ကို၊ ပယ်ပါမှ၊/ မောင်ပဏ္ဍိတ ဖြစ်မည်ပ။

## စည်းကမ်း(၁၀)ချက်

စိတ်, ဝိ, ကျန်း, သန့်၊/ ဝတ်, နေ, ပြော, သွား၊/ စည်း, စာ/
ဤဆယ်ဖြာ သေချာ ဂရုပြု။
ဤကျောင်းတိုက်၌--

| | |
|---|---|
| စိတ်ကောင်းရှိဖို့က | ပထမ |
| ဝိနည်းလေးစားဖို့က | ဒုတိယ |
| ကျန်းမာဖို့က | တတိယ |
| သန့်ရှင်းဖို့က | စတုတ္ထ |
| အဝတ်အစားတတ်ဖို့က | ပဉ္စမ |
| အနေအထိုင်တတ်ဖို့က | ဆဋ္ဌမ |
| အပြောအဆိုတတ်ဖို့က | သတ္တမ |
| အသွားအလာတတ်ဖို့က | အဋ္ဌမ |
| စည်းကမ်းလိုက်နာဖို့က | နဝမ |
| စာတတ်ဖို့က | ဒသမ |

ဤဆယ်ချက်ကို/ အစဉ်အတိုင်း ဂရုစိုက်ပါ။

Scanned with CamScanner

## မေတ္တာပို့

ငါတို့၏ ဆွမ်းခံရွာ၌/ နေထိုင်ကြကုန်သော/ ဒါယကာ, ဒါယိကာမ အပေါင်းတို့သည်/ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊/ ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ၊/ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊/ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မဟာဝိဟာရ၏/ ပစ္စယဒါယကာ, ဒါယိကာမအပေါင်းတို့သည်/ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ/ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊/ ဆင်းရဲ ခပ်သိမ်း ငြိမ်းကြပါစေ၊/ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဗုဒ္ဓသာသနာတော်မြတ်ကြီး၏/ ပစ္စယဒါယကာ, ဒါယိကာမ အပေါင်းတို့သည်/ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊/ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊/ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊/ နှလုံးစိတ်ဝမ်း အေးချမ်း ကြပါစေ။

## အမျှပေးဝေပုံ

ဤကုသိုလ်၏ အဖို့ဘာဂကို/ မိဘဆရာ သံဃာတော်အပေါင်း/ ဒါယကာ, ဒါယိကာမအပေါင်း/ နတ်အပေါင်းနှင့်တကွ/ သတ္တဝါဟူသမျှ တို့အား/ အမျှပေးဝေကြပါကုန်၏၊/ အမျှရကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

❖❖❖

## နေ့စဉ် တရားသိမ်းသောအခါ ရွတ်ဆိုရန်

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ/ ဗုဒ္ဓံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ/ ဓမ္မံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ/ သံဃံ ပူဇေမိ။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ/ ဇာတိဇရာဗျာဓိမရဏမှာ/ ပရိမုစ္စိဿာမိ။

Scanned with CamScanner

## မေတ္တာပို့

ငါတို့၏ ဆွမ်းခံရွာ၌/ နေထိုင်ကြကုန်သော/ ဒါယကာ, ဒါယိကာမအပေါင်းတို့သည်/ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊/ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊/ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊/ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မဟာဝိဟာရ၏/ ပစ္စယဒါယကာ, ဒါယိကာမအပေါင်းတို့သည်/ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊/ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊/ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊/ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဗုဒ္ဓသာသနာတော်မြတ်ကြီး၏/ ပစ္စယဒါယကာ, ဒါယိကာမအပေါင်းတို့သည်/ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊/ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊/ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊/ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

## အမျှပေးဝေပုံ

ဤကုသိုလ်၏ အဖို့ဘာဂကို/ မိဘဆရာ သံဃာတော်အပေါင်း/ ဒါယကာ, ဒါယိကာမအပေါင်း/ နတ်အပေါင်းနှင့်တကွ/ သတ္တဝါဟူသမျှတို့အား/ အမျှပေးဝေကြပါကုန်၏၊/ အမျှရကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

❖❖❖

# ရွာတွင်း ဆွမ်းခံကြွခါနီး၌ ရွတ်ဆိုရန်

## ပိဏ္ဍပါတ်ခုတင်

အတိရေကလာဘံ ပဋိက္ခိပါမိ။
ပိဏ္ဍပါတိကင်္ဂ သမာဒိယာမိ။

## သပဒါနခုတင်

လောလုပ္ပစာရံ ပဋိက္ခိပါမိ။
သပဒါနစာရိကင်္ဂ သမာဒိယာမိ။

၁။ ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

(ခု - ၁၊ ၃၈၊ ဓမ္မပဒ)

၂။ ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓ’မဟေဌယံ။
ပလေတိ ရသ’မာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။

(ခု - ၁၊ ၂၀၊ ဓမ္မပဒ)

၃။ ယထာ ကဏ္ဍကဌာနမှိ၊ စရေယျ အနုပါဟနော။
သတိံ ဥပဋ္ဌပေတွာန၊ ဧဝံ ဂါမေ မုနီ စရေ။

(ထေရဂါထာဋ္ဌ-ဒု-၃၅၀, ပါရာပရိယတ္ထေရဝတ္ထု)

၁။ ဥတ္တိဋ္ဌေ- မြို့သူရွာသား, အိမ်တံခါးဝယ်, ရပ်နားမျှော်မှန်း, ခံယူအပ်သောဆွမ်း၌၊ နပ္ပမဇ္ဇေယျ-အိမ်စဉ်မပြတ်,တန့်နားရပ်လျက်, ခံအပ်ဓလေ့,မမေ့မလျော့,မပေါ့ဆရာ၊ ဝါ-ဆွမ်းခံဖျက်ကာ, ဆွမ်းကောင်းရှာလျက်, သဒ္ဒါအားပျော့, မမေ့မလျော့,မပေါ့ဆရာ၊ သုစရိတံ-ဗုဒ္ဓမြတ်စွာ,

အရိယာတို့, လွန်စွာလေးမြတ်, ကောင်းစွာပြုကျင့်အပ်သော၊ ဓမ္မံ-မအပ်ဘောဇဉ်, ပယ်ရှောင်ကြဉ်လျက်, အိမ်မှစဉ်လှည့်ပတ်, ဆွမ်းခံကျင့်ဝတ်ကို၊ စရေ-ဘုရားအဆူဆူ, ကျင့်ရိုးမူမို့, ကြည်ဖြူကောင်းစွာ, ပြုကျင့်ရာ၏၊ ဓမ္မစာရီ-အိမ်စဉ်လှည့်ပတ်, ဆွမ်းခံဝတ်ကို ,မပြတ်ကြည်ဖြူ, ကျင့်နေသူသည်၊ အသ္မိံ လောကေ-မျက်မှောက်ကြုံရ, ဤလောက၌လည်းကောင်း၊ ပရမှိ စ -မျက်ကွယ်ဖြစ်ရ, တစ်ပါးသောဘဝ၌လည်းကောင်း၊ သုခံ-လျောင်းထိုင်ရပ်သွား, လေးပါးလုံးမှာ, ချမ်းသာစွာ၊ သေတိ- ဝမ်းသာရွှင်ပျ, နေထိုင်ရလေတော့၏။

(ဓမ္မပဒပန်းကုံး - ၂၂၅)

၂။ ဘမရော-ပန်းမှာနားလျက်, ပန်းဝတ်ရက်ကို, စွဲမက်စားသုံး, ပျားပိတုန်းသည်၊ ပုပ္ဖံ-ပွင့်လန်းတင့်ဆန်း, မိမိနားရာပန်းကိုလည်းကောင်း၊ ဝဏ္ဏဂန္ဓံပိ-လှပသင်းပျံ့, ဆင်းယနံ့ကိုလည်းကောင်း၊ အဟေဌယံ-နဂိုရှိရင်း,ချို့ယိုယွင်းအောင်,မညှဉ်းဆဲ မပျက်စီးစေဘဲ၊ ရသံ-မိမိနှစ်သက်, ပန်းဝန်ရက်ကို၊ အာဒါယ-သောက်စားအချို့၊ အချို့ကိုမူ, ရအောင်ယူ၍၊ ပလေတိ ယထာ-အုံပြုကြိုးပမ်း,ကိုယ့်စခန်းသို့, ဖြောင့်တန်းလျှင်လျား, ပျံသန်းသွားသကဲ့သို့၊ ဧဝံ-ဤအတူ၊ မုနိ-သိဉာဏ်ပြည့်ဖြိုး,ရဟန်းမျိုးသည်၊ ဂါမေ-မိမိမှီရာ, မြို့ကျေးရွာ၌၊ စရေ-လှူဒါန်းဒကာ, စေတနာနှင့်, ဥစ္စာလျော့ပါး, မပျက်ပြားအောင်, ခံဆောင်ယူကာကျင့်သုံးရာ၏။

(ဓမ္မပဒပန်းကုံး - ၇၆)

၃။ ပုရိသော-ယောကျ်ားသည်၊ ကေနစိဒေဝ ပယောဇနေန-တစ်စုံတခုသော ဆေးဝါးမန္တရားမန္တာန်ဖြင့်၊ ကဏ္ဍကဌာနမှိ-ဆူးတို့ဖြင့် ပြည့်သောအရပ်၌၊ အနုပါဟနော-ဖိနပ်မစီးဘဲ၊ စရေယျ ယထာ-သွားနိုင်သ

ကဲ့သို့၊ ဇဝံ တထာ–ထို့အတူ၊ ဂါမေ–ကိလေသာတည်း ဟူသော ဆူးတို့ ဖြင့်ပြည့်သော ဆွမ်းခံရွာ၌၊ မုနိ–ရဟန်းသည်၊ သတိ– သတိပညာ အဆင်အခြင်ကို၊ ဥပဋ္ဌပေတွာ–ဖြစ်စေ၍၊ စရေ စာရေယျ–သွားရာ၏။

(မိုးထိမူ၊ စာချနက်၊ ထေရဂါထာဋ္ဌ–နိသျ၊ စ–တွဲ–၂၀၆)

၁။ ဆွမ်းခံအကျင့် မမေ့သင့်၊ ဆွမ်းခံအကျင့် ကောင်းကောင်းကျင့်။
ဆွမ်းခံကျင့်မှ ချမ်းသာရ၊ ယခုဘဝ နောင်ဘဝ။

၂။ ပျားလို ပန်းကို ဆင်းနံ့ကို၊ ဘာဆိုဘာမျှ မညှင်းဆဲ။
ဝတ်ရည်ယူ၍ ပျံကာဖဲ၊ ထို့အတူရွာထဲ ရဟန်းကျင့်မြဲ။

၃။ ဖိနပ်မပါ ဆူးရှိရာ၊ သတိထားကာ သွားသည့်နှယ်။
ရှင်, ရဟန်းလဲ မြို့ရွာထဲ၊ သတိမြဲစွာ သွားရမယ်။

အေးချမ်းသာယာဆရာတော်

■

# အဖိတ်နေ့ညချမ်း၌ ရွတ်ဆိုရန်များ

## အဖိတ်နေ့ည၌ တရားသိမ်းပြီး အကျဉ်းချုပ် ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ဖိနပ်, ဆီမီးကို အစပြု၍/ ဤယခုနေ့ ရှေ့နောက် အရုဏ်နှစ်ခု အကြား/ သုံးဆောင်မှီဝဲအပ်သမျှ/ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး/ ပစ္စည်းလေးပါးတို့ကို/ ကစားစံပယ်/ မြူးရယ်မာန်ကြွ/ လှပရေဆင်း/ ပြည့်ဖြိုးခြင်းငှာ/ သုံးဆောင် မှီဝဲသည် မဟုတ်ပါ။

နိဿတ္တ, နိဇ္ဇီဝ,/ အဗျာကတ သုည/ ဓာတ်ရုပ်အစစ်/ အနိစ္စ, ဒုက္ခ, အနတ္တ/ အသုဘ အရိုးစုဖြစ်သော/ ဤကိုယ်ခန္ဓာ / အတွင်း, အပြင်ရောဂါ/ ဘေးဘယာ ကင်းကွာ၍/ ကျန်းမာ, ချမ်းသာ/ အသက် ရှည်စွာ တည်နေနိုင်လျက် / စာပေ ကျမ်းဂန် / သင်အံလေ့လာနိုင်ခြင်း,/ သီလ, သမာဓိ, ဝိပဿနာ/ ရဟန်းတရားတို့ကို/ ပွားများအားထုတ်နိုင် ခြင်းအကျိုးငှာ/ မှီဝဲသုံးဆောင်ပါသတည်း။

## ဩဝါဒမနာခင် ရှေးဦးစွာ ဆရာတော်ကို ဩကာသဖြင့် ကန်တော့ရန်

ဩကာသ/ ဩကာသ/ ဩကာသ၊/ ကာယကံ,/ ဝစီကံ,/ မနောကံ/ သဗ္ဗဒေါသ/ ခပ်သိမ်းသော/အပြစ်တို့ကို/ ပျောက်ပါစေခြင်း/ အကျိုးငှာ/ ပထမ,/ ဒုတိယ,/ တတိယ/ တစ်ကြိမ်,/ နှစ်ကြိမ်,/ သုံးကြိမ် မြောက်အောင်/ ဘုရားရတနာ,/ တရားရတနာ,/ သံဃာရတနာ,/ ရတနာမြတ်သုံးပါး/ ဆရာသမားတို့ကို/အရိုအသေ/ အလေးအမြတ်/ လက်စုံမိုး၍/ ရှိခိုးပူဇော်/ ဖူးမြော်မာန်လျော့/ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော/ အကျိုးအားကြောင့်/ အပါယ်လေးပါး,/ ကပ်သုံးပါး,/ ရပ်ပြစ်ရှစ်ပါး,/ ရန်သူမျိုးငါးပါး,/ဝိပတ္တိတရားလေးပါး,/ ဗျသနတရားငါးပါး,/ အနာအမျိုး ကိုးဆယ့်ခြောက်ပါးတို့မှ/ အခါခပ်သိမ်း/ ကင်းလွတ်ငြိမ်း သည်သာ ဖြစ်၍/ မဂ်တရား,/ ဖိုလ်တရား,/ နိဗ္ဗာန်/ ချမ်းသာ/ တရားတော်မြတ်ကို/ ရပါလို၏အရှင်ဘုရား။

**မှတ်ချက်။** ။ ထို့နောက် ဩဝါဒနာကြရပါသည်။

## အာဂန္တုကဆရာတော်ကြီးများကို ဩကာသဖြင့် ကန်တော့ပုံ

ဩကာသ/ ဩကာသ/ ဩကာသ၊/ ကာယကံ,/ ဝစီကံ,/ မနောကံ/သဗ္ဗဒေါသ/အပြစ်ခပ်သိမ်း/ပပျောက်ငြိမ်း၍/အသက်ရှည်ရာ/ အနာမဲ့ရေး/ ရန်ဘေးကင်းကြောင်း /ကောင်းမှုမင်္ဂလာ/ ဖြစ်ပါစေခြင်း/ အကျိုးငှာ/ ဆရာတော် ဘုရားကြီး၏/ သီလဂုဏ်,/ သမာဓိဂုဏ်,/ ပညာဂုဏ်တို့ကို/ ရည်မျှော်၍/ ပထမ,/ ဒုတိယ,/ တတိယ/ တစ်ကြိမ်,/ နှစ်ကြိမ်,/ သုံးကြိမ်မြောက်အောင်/ ရှိခိုးပူဇော်/ ဖူးမြော်မာန်လျှော့/ ကန်တော့ပါ၏ အရှင်ဘုရား။

## ခရီးသွားခါနီး သံဃာတောင်းပန်ပုံ

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား ...

ဘုရားတပည့်တော် ............... သည်လည်းကောင်း ဤကျောင်းတိုက်၌ နေထိုင်ခဲ့သမျှကာလပတ်လုံး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အပေါ်၌ မိုက်မှားသည့်အလျောက်၊ တွေဝေသည့်အလျောက် မသိမလိမ္မာသည့်အလျောက်၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပစ်မှားခဲ့သည်များ အကယ်၍ ရှိခဲ့ပါအံ့ဘုရား။ သံဃိကပစ္စည်း၊ ပုဂ္ဂလိကပစ္စည်းတို့ကိုလည်း မရိုမသေ မလေးမစားထုတ်ယူသုံးစွဲခဲ့သည်များ

အကယ်၍ ရှိခဲ့ပါအံ့ဘုရား။ ထိုအပြစ်တို့ကို ဘုရားတပည့်တော်(တို့)အား သနားသောအားဖြင့် သည်းခံ(ခွင့်လွှတ်)တော်မူကြပါဘုရား။

ဘုရားတပည့်တော်(တို့)ကလည်း ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား အလုံးစုံသည်းခံ(ခွင့်လွှတ်)ပါ၏ ဘုရား။

မှတ်ချက်။ ။ ခွင့်ပြု ဟု မှားဆိုတတ်သည်။ ခွင့်ပြုမဟုတ်၊ ခွင့်လွှတ်သာ အမှန်။

## ကိုရင်များ ဝတ်ကြီးဝတ်ငယ် လျှောက်ထားပုံ

ဥပဇ္ဈာယ်ဆရာ/ ဓမ္မာစရိယစာချဆရာ/ ဖြစ်တော်မူကြကုန်သော/ ဆရာသခင် အရှင်သူမြတ်တို့ဘုရား . . ../ ဆရာမြတ်တို့အပေါ်၌/ ဘုရားတပည့်တော်တို့က/ ပြုရမည့်ကျင့်ဝတ်များ/ အထင်အရှားရှိပါသည်ဘုရား၊/ ထိုကျင့်ဝတ်တို့ကို/ အလုံးစုံပြီးပြည့်စုံအောင်/ ဖြည့်ကျင့်ခြင်းငှာ/မစွမ်းနိုင်ခဲ့သည်ရှိသော်/ဘုရားတပည့်တော်တို့အား/ သနားသောအားဖြင့်/သည်းခံခွင့်ပြု *(ခွင့်လွှတ်မဟုတ်)*တော်မူကြပါကုန်ဘုရား/ ဘုရားတပည့်တော်တို့ကလည်း/ ခွင့်ပြုပါ၏ဘုရား။

Scanned with CamScanner

# ရဟန်းတော်တိုင်း မဖြစ်မနေသိထားသင့်သော ဝိနည်းကံများ

## ဥပဇ္ဈာယ်ယူပုံ နှင့် နိဿရည်းယူပုံ

တပည့်။ ။ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ (ဥပဇ္ဈာယ်ယူပါ၌)

။ အာစရိယော မေ ဘန္တေ ဟောဟိ၊/ အာယသ္မတော နိဿာယ ဝစ္ဆာမိ။ (နိဿရည်းယူပါ၌)

ဆရာ။ ။ ပါသာဒိကေန သမ္ပာဒေထ။

တပည့်။ ။ အာမ ဘန္တေ။

တပည့်။ ။ ဘန္တေ-အရှင်မြတ်ဘုရား၊/ အာယသ္မာ - သက်တော်ရှည်တော်မူလတ္တံ့သော၊ တွံ-အရှင်မြတ်ဘုရားသည်၊/ မေ-ဘုရားတပည့်တော်၏၊/ အာစရိယော-/ မှီခိုအားထားရာ နိဿရည်းဆရာမြတ်သည်၊/ ဟောဟိ-ဖြစ်တော်မူပါ အရှင်ဘုရား၊/ အာယသ္မတော-အရှင်မြတ်ဘုရားကို၊/

နိဿာယ-အမှီပြု၍၊/ ဝစ္ဆာမိ- နေပါအံ့ဘုရား။

ဆရာ။ ။ ပါသာဒိကေန-ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်မူအရာဖြင့်၊ တိဝိဓေသိက္ခံ- သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ ဟုဆိုအပ်သော သိက္ခာသုံးရပ် အကျင့်မြတ်ကို၊ (တစ်နည်း) တိဝိဓေသဒ္ဓမ္မံ- ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မ ဟုဆိုအပ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို၊ သမ္ပာဒေထ- နိပ္ဖာဒေထ - ပြီးပြည့်စုံစေကြကုန်လော့။

တပည့်။ ။ အာမ ဘန္တေ။

## ရဟန်းတော်များ ဝတ်ကြီးဝတ်ငယ် လျှောက်ထားပုံ

နိဿရည်းဆရာ **(ဥပဇ္ဈာယ်ဆရာ)** / ဓမ္မာစရိယစာချဆရာ/ ဖြစ်တော်မူကြကုန်သော/ ဆရာသခင် အရှင်သူမြတ်တို့ဘုရား . . . ./ ဆရာမြတ်တို့အပေါ်၌/ ဘုရားတပည့်တော်တို့က/ ပြုရမည့်ကျင့်ဝတ်များ/ အထင်အရှားရှိပါသည်ဘုရား၊/ ထိုကျင့်ဝတ်တို့ကို/ အလုံးစုံ ပြီးပြည့်စုံအောင်/ ဖြည့်ကျင့်ခြင်းငှာ/ မစွမ်းနိုင်ခဲ့သည်ရှိသော်/ ဘုရားတပည့်တော်တို့အား/ သနားသောအားဖြင့်/ သည်းခံခွင့်ပြု ***(ခွင့်လွှတ်မဟုတ်)*** တော်မူကြပါကုန်ဘုရား၊/ ဘုရားတပည့်တော်တို့ကလည်း/ ခွင့်ပြုပါ၏ဘုရား။

Scanned with CamScanner

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အနောက်ကျေးရွာအနီး၊ မဟာဝိဟာရကျောင်းတိုက် အခြေခံပညာရေး ပြဋ္ဌာန်းကျမ်းစာများ

### သဒ္ဒါဝဓမူနတန်း

၁။ ရုပ်ပုံရှင်ကျင့်ဝတ်ဘာသာ

၂။ ရတနာ့ဂုဏ်ရည်ဘာသာ

၃။ သဒ္ဒါဘာသာ -

(က) သန္ဓိသုတ်စဉ်

(ခ) ပါဠိသိက္ခာနှင့် သဒ္ဒါအကျဉ်း

(သန္ဓိအကျဉ်း နှင့် ပု, စိတ်, ကညာဂိုဏ်း)

**မှတ်ချက်။** ။ **သဒ္ဒါဝဓမူနတန်း** ၌ တစ်ဘာသာလျှင် ၆-ပုစ္ဆာ မေးရမည်။ အာဂုံအောင်မှတ် ၁၀-မှတ်နှင့်တကွ စုစုပေါင်းအောင်မှတ်မှာ ၂၄-မှတ် ဖြစ်သည်။ ၅၀-မှတ်သည် ဂုဏ်ထူးမှတ်, ၅၄-မှတ်သည် ဝိသိဋ္ဌ ဂုဏ်ထူးမှတ် ဖြစ် သည်။

### မူကြိုတန်း

၁။ သဒ္ဒါဝဓမူနဘာသာ

(က) ရုပ်ပုံရှင်ကျင့်ဝတ်

(ခ) ရတနာ့ဂုဏ်ရည်

Scanned with CamScanner

၂။ သဒ္ဒါဘာသာ

(က) အခြေပြုသဒ္ဒါ (တွဲဖက်)

(သုတ်စဉ်-သန္ဓိ, နာမ်, အာချာတ်။ ဂိုဏ်းစဉ် - နာမ်ဂိုဏ်း)

(ခ) အခြေပြုသဒ္ဒါသုတ်နက် (သန္ဓိ, နာမ်)

၃။ သင်္ဂဟဘာသာ (စိတ်, စေတသိက်)

(က) အဘိဓမ္မတ္ထသင်္ဂဟပါဠိ

(ခ) အခြေပြုသင်္ဂြိုဟ်

၄။ ပါဠိသိက္ခာနှင့်သဒ္ဒါအကျဉ်း

(ပါဠိသိက္ခာအကုန်နှင့် နာမ်ဂိုဏ်းအကျဉ်း,

အာချာတ်ဂိုဏ်း အကျဉ်း, သန္ဓိအကျဉ်း)

**မှတ်ချက်။** ။ **မူကြိုတန်း** ၌ တစ်ဘာသာလျှင် ၆-ပုစ္ဆာ မေးရမည်။ အာဂုံအောင်မှတ်၁၀-မှတ်နှင့်တကွစုစုပေါင်းအောင်မှတ်မှာ ၂၄-မှတ် ဖြစ်သည်။ ၅၀-မှတ်သည် ဂုဏ်ထူးမှတ်, ၅၄-မှတ်သည် ဝိသိဋ္ဌ ဂုဏ်ထူးမှတ် ဖြစ်သည်။

## မူလတန်း

၁။ သဒ္ဒါဘာသာ

(က) အခြေပြုသဒ္ဒါ (တွဲဖက်) (တစ်အုပ်လုံး)

(ခ) အခြေပြုသဒ္ဒါသုတ်နက် (သန္ဓိ, နာမ်, ကာရက, အာချာတ်)

၂။ သင်္ဂဟဘာသာ (စိတ်, စေတသိက်, ပကိဏ်း, ရုပ်, သမုစ္စည်း)

(က) အဘိဓမ္မတ္ထသင်္ဂဟပါဠိ

(ခ) အခြေပြုသင်္ဂြိုဟ်

၃။ ဓမ္မပဒဋ္ဌကထာ (ယမကဝဂ် ဖ-ဝတ္ထု)

၄။ ပါဠိသိက္ခာဘာသာ (ပါဠိသိက္ခာနှင့် သဒ္ဒါအကျဉ်း တစ်အုပ်လုံး)

**မှတ်ချက်။** ။ **မူလတန်း** ၌ တစ်ဘာသာလျှင် ၈-ပုစ္ဆာ မေးရမည်။ အာဂုံအောင်မှတ် ၁၀-မှတ်နှင့်တကွ စုစုပေါင်းအောင်မှတ်မှာ ၃၂-မှတ် ဖြစ်သည်။ ၆၅-မှတ်သည် ဂုဏ်ထူးမှတ်, ၇၂-မှတ်သည် ဝိသိဋ္ဌ ဂုဏ်ထူးမှတ် ဖြစ်သည်။

## ဥပစာတန်း

၁။ မဟာဝါပါဠိတော် (မဟာခန္ဓက)

၂။ အင်္ဂုတ္တိုရ်ပါဠိတော် (ကေကနိပါတ်)

၃။ ဓမ္မပဒအဋ္ဌကထာ (ယမကဝဂ်)

**မှတ်ချက်။** ။ **ဥပစာတန်း** ၌ "သဒ္ဒါ ၂-ပုစ္ဆာ၊ သင်္ဂဟ ၂-ပုစ္ဆာ၊ ကျမ်းရင်း ၆-ပုစ္ဆာ" ဟူ၍ တစ်ဘာသာလျှင် (၁၀)ပုစ္ဆာ သာသနာလင်္ကာရစာမေးပွဲ ပထမဆင့်ပုံစံအတိုင်း မေးရမည်။ အောင်မှတ်မှာ တစ်ဘာသာလျှင် သဒ္ဒါ (၈) မှတ်၊ သင်္ဂဟ (၈) မှတ်၊ ကျမ်းရင်း (၃၀) မှတ် ဖြစ်သည်။ ၈၀-မှတ်သည် ဂုဏ်ထူးမှတ်, ၉၀-မှတ်သည် ဝိသိဋ္ဌဂုဏ်ထူးမှတ် ဖြစ်သည်။

## ၆-လပတ် အတန်းတင်စာမေးပွဲကျင်းပချိန်

နယုန်လပြည့်ကျော် (၁၊ ၂၊ ၃၊ ၄) ရက် ၁-ကြိမ်နှင့် နတ်တော်လပြည့်ကျော် (၁၊ ၂၊ ၃၊ ၄) ရက် ၁-ကြိမ် ဟု တစ်နှစ်လျှင် ၂-ကြိမ် နှစ်စဉ်ကျင်းပရန်။

နယုန်လဆန်း ၁၄-ရက်နှင့် နတ်တော်လဆန်း ၁၄-ရက်တို့၌ အာဂုံရေးဖြေကျင်းပကာ ထိုစာမေးပွဲအောင်မှသာ ရေးဖြေစာမေးပွဲ ဝင်ဖြေခွင့်ရှိသည်။

ပဓာနနာယကဆရာတော်
နှင့်
ဂဏဝါစကအဖွဲ့
မဟာဝိဟာရကျောင်းတိုက်
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Scanned with CamScanner

## ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ဝါဆိုဝါကပ်ပုံပါဠိ

ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။

(ပါစိတျာဒိအဋ္ဌကထာ - ၃၄၉)

**အနက်။** ။ ဣမသ္မိံ ဝိဟာရေ - ဤကျောင်းတိုက်၌၊ ဣမံ တေမာသံ - ဤဝါတွင်းသုံးလပတ်လုံး၊ ဝဿံ - ဝါသို့၊ ဥပေမိ - ကပ်ရောက်ပါ၏၊ (တစ်နည်းကား) ဝဿံ ဥပေမိ - ဝါဆိုပါ၏။

■

## ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ မူ ပဋ္ဌင်းသစ်၏ ဝန်ခံရန်အချက်များ

ဆရာတော်, သံဃာတော် အရှင်သူမြတ်တို့ဘုရား

ဘုရားတပည့်တော် ............. သည်

၁။ ရဟန်းအဖြစ်၌ တည်၍ အသက်ရှည်သမျှကာလပတ်လုံး အထူးသဖြင့် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသူဖြစ်ပါအံ့ဘုရား။

၂။ အနည်းငယ်မျှလောက်သော အစိတ္တကသိက္ခာပုဒ်အပြစ်တို့၌ပင် “ဘေး” ဟု ရှုလေ့ရှိပြီး ဆောက်တည်ကျင့်သုံးပါအံ့.....ဘုရား။

၃။ အခါခပ်သိမ်းလက်ကစားခြင်း,ခြေကစားခြင်း,ကိုယ်ကစားခြင်းကိုလည်း မဖြစ်စေဘဲ စက္ခု-စသော ဣန္ဒြေတို့ကို ကောင်းစွာစောင့်စည်း၍ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံအောင် နေထိုင်ပါအံ့.....ဘုရား။

၄။ တစ်စုံတစ်ခုသောအာပတ်၌ ကုက္ကုစ္စမကင်းပါလျှင် အချိန်မကုန်စေဘဲအလွန်လျင်မြန်စွာ ဂရုကအာပတ်ကို ဝုဋ္ဌာနကံဖြင့်လည်းကောင်း, လဟုကအာပတ်ကို ဒေသနာကံဖြင့်လည်းကောင်း ကုစား၍ မိမိကိုယ်ကို စင်ကြယ်အောင်ပြုပါအံ့.....ဘုရား။

၅။ အခါခပ်သိမ်း ကောင်းမွန်သေသပ်စွာ ဝတ်ရုံ၍ ပရိမဏ္ဍလ သိက္ခာပုဒ်ကို ကောင်းစွာစောင့်ရှောက်ပါအံ့.....ဘုရား။

၆။ ရွာတွင်းသို့ ဝင်သည့်အခါ, ရွာတွင်း၌ နေသည့်အခါတို့၌ ထိုထို ဤဤမကြည့်ရှုဘဲ ဩက္ခိတ္တစက္ခုသိက္ခာပုဒ်ကိုလည်း အထူး လုံခြုံအောင် စောင့်ရှောက်ပါအံ့.....ဘုရား။

၇။ ပြောပလောက်သော အကြောင်းအရာတို့ကို ကြည့်၍ နေလွဲအခါ ကွမ်းစားခြင်း,အဖျော်ရည်သောက်ခြင်း, ဆေးလိပ်သောက်ခြင်း အမှု မပြုပါအံ့.....ဘုရား။

၈။ ပန်းပေးခြင်း စသည့် ကုလဒူသနအမှုကိုလည်းကောင်း၊ ဆေးကုခြင်း, တမန်မှုပြုခြင်း, စေခိုင်း၍သွားခြင်း, ရှေးဦးစ၍ပြောခြင်း, အပြုံးကိုရှေ့သွားပြုခြင်း, ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသော စကားကို ပြောဆိုခြင်း, ကလေးသူငယ်တို့ကို ချီပွေ့ချော့မြူခြင်း စသော အနေသနအမှုတို့ကိုလည်းကောင်း မလွန်ကျူးဘဲ အထူးသတိပြုကာ စောင့်ရှောက်ပါအံ့.....ဘုရား။

၉။ အခြားသီတင်းသုံးဖော်ငါးယောက်တို့၏ ကုလဒူသန စသည်တို့ကြောင့် ဖြစ်ပေါ်လာသည့် မအပ်သောပစ္စည်းတို့ကိုလည်း မသုံးစွဲမူ၍ သန့်ရှင်းစင်ကြယ်သော အသက်မွေးမှုရှိသူ ဖြစ်ပါအံ့.....ဘုရား။

၁၀။ ဘုရားရှင်သာသနာတော်၌ အဓိကရဏ်းတစ်စုံတစ်ခု ပေါ်ပေါက်လာသော် ငြင်းခုံမှု, ခိုက်ရန်ပြုမှု မဖြစ်စေဘဲ ထေရ, နဝ, မဇ္ဈိမ ရဟန်းတို့အပေါ်၌ အထူးရိုသေတုပ်ဝပ်ပြီး ထိုပုဂ္ဂိုလ်တို့၏ စကားကို ကောင်းစွာ လိုက်နာပြုကျင့်ပါအံ့.....ဘုရား။

၁၁။ မိမိထက် တစ်နေ့, တစ်ရက်, တစ်နာရီကြီးသော ပုဂ္ဂိုလ်ကို အသက်ထက်ဆုံး ရှိခိုးလေ့ရှိသူဖြစ်ပါအံ့.....ဘုရား။

၁၂။ ဆန်းကြယ်သော အဆင်းပုံသဏ္ဌာန်ရှိသော ထီးကိုလည်းကောင်း, လက်ကိုင်ပဝါ-စသည်တို့ကိုလည်းကောင်း, ရဟန်းတို့နှင့် မသင့်လျော်သော လူတို့၏ အသုံးအဆောင်မျိုးကိုလည်းကောင်း, မသုံးဆောင်ပါအံ့.....ဘုရား။

၁၃။ လဇ္ဇီကုက္ကုစ္စကပုဂ္ဂိုလ်တို့ အလွန်အလေးအမြတ်ပြုသော အရာဌာနဖြစ်သည့် ၅-ခဏ်း-စသည်ဖြတ်၍ချုပ်အပ်သော သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်ပါအံ့၊ ထိုသို့ မချုပ်သော သင်္ကန်းကို မသုံးဆောင်ပါအံ့.....ဘုရား။

၁၄။ ဆယ်ဝါအတွင်း၌ အာရာမ်ပိုင်(ကျောင်းထိုင်)အဖြစ်မနေဘဲ နိဿရည်းဆရာ(ကျောင်းထိုင်)အင်္ဂါအရာ၌လည်း သတိပြုပါအံ့.....ဘုရား။

၁၅။ ဆယ်ဝါကျော်သော်လည်း " အဘိဓမ္မာအရာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်၏၊ အလုံးစုံသော ဝိနည်းပိဋကတ၌ ဆုံးမခြင်းငှာ စွမ်းနိုင်၏။ "ဤသို့လာသော နိဿရည်းဆရာအင်္ဂါကို နှလုံးပြု၍ ထိုအင်္ဂါနှင့်ပြည့်စုံမှသာ အာရာမ်ပိုင်အဖြစ်နေလျက် ပရိယတ်မွေးမြူကာ ဘုရားရှင်သာသနာ ထွန်းလင်းတောက်ပစေရန် အစွမ်းသတ္တိရှိသမျှ အားထုတ်ပါအံ့.....ဘုရား။

၁၆။ သက်န်း-စသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်သောအခါ၌လည်း ကြွေးယူသုံးဆောင်မှု ဣဏပရိဘောဂ မဖြစ်စေရန် ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ပါအံ့.....ဘုရား။

၁၇။ "ဆံပင် အမွေး လက်သည်းခြေသည်း သွား အရေ" ဤသို့စသည်ဖြင့် သမထကမ္မဋ္ဌာန်းကိုလည်းကောင်း, "ခန္ဓာ ၅-ပါးတို့သည် မမြဲသောတရား, ဆင်းရဲသောတရား, အစိုးမရ အတ္တမဟုတ်သော တရားတို့တည်း "ဤသို့စသော ဝိပဿနာကမ္မဋ္ဌာန်းကိုလည်းကောင်း, နေ့စဉ်နေ့တိုင်း အစွမ်းသတ္တိရှိသမျှ ပွားများကာ နေပါအံ့.....ဘုရား။

၁၈။ ယခု ပဋ္ဌင်းဖြစ်ချိန်မှစကာ အကြောင်းညီညွတ်၍ စွမ်းနိုင်သမျှ ဝိနည်းတိစီဝရိတ်ကိုလည်းကောင်း, ခုတင်တိစီဝရိတ်ကိုလည်းကောင်း ဆောင်ပါအံ့.....ဘုရား။

ဤလောကုတ္တရာတရားအားလျော်သော အကျင့်မြတ်ဖြင့် ဘုရားရှင်ကို ပူဇော်ပါ၏၊ တရားတော်ကို ပူဇော်ပါ၏၊ သံဃာတော်ကို ပူဇော်ပါ၏။ ဤအကျင့်မြတ်ဖြင့် အိုခြင်း, သေခြင်းမှ မချွတ်ကေန် လွတ်မြောက်ရပါလို၏.....ဘုရား။

**ဦးမာနိတသိရီဘိဝံသ ၏**
**ပထမရွှေကျင်ဆရာတော်**
**(ထေရုပ္ပတ္တိကျမ်း) စာ-၁၉၄ / ၅ / ၆**

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊
## ကလီထော်အနောက်ကျေးရွာအနီး
## မဟာဝိဟာရကျောင်းတိုက်
## တစ်နေ့တာ ပရိယတ်, ပဋိပတ်အားထုတ်မှုအချိန်ဇယား

| | |
|---|---|
| နံနက် ၄ : ၁၅ | အားလုံး အိပ်ရာထ |
| နံနက် ၄ : ၃၀ | အားလုံး စုပေါင်းဘုရားရှိခိုး |
| နံနက် ၄ : ၄၅ | အားလုံး စုပေါင်းတရားထိုင် |
| နံနက် ၅ : ၁၅ | သေနာသနကျင့်ဝတ်ဖြည့်ကျင့် |
| အရုဏ်တက်ချိန် | ဆွမ်းဘုဉ်းပေး |
| အရုဏ်ဆွမ်းဘုန်းပြီးချိန် | စာချ/ စာတက်/ စာကျက်<br>အလှည့်ကျသူများ ရွာထဲဆွမ်းခံကြွ |
| ဆွမ်းခံပြန်ချိန်မှ နံနက်၁ : ၀၀ အထိ | စာချ/ စာအံ/ စာကျက် |
| နံနက် ၁၀ : ၀၀ | ရေချိုးချိန် |
| *(အဖိတ်နေ့၌ နံနက် ၉ : ၀၀* | *မိမိနေရာနှင့်အဆောင် သန့်ရှင်း၊ ခေါင်းရိတ်၊ ရေချိုး)* |
| နံနက် ၁၀ : ၄၅ | နေ့ဆွမ်းဘုဉ်းပေး |
| နေ့ဆွမ်းဘုဉ်းပေးပြီးချိန် | အာမခံအထံ စာပြန်/ အနားယူချိန် |
| နေ့လယ် ၁:၀၀ မှ<br>ညနေ ၅:၃၀အထိ | စာချ/ စာတက်/ စာကျက် |

*(အဖိတ်နေ့၌ ညနေ ၅ : ၀၀ အထိ စာချ၊ စာတက်၊ စာကျက်)*

Scanned with CamScanner

| | |
|---|---|
| နေ့လယ် ၃ : ၀၀ မှ ၃ : ၃၀ | သက်နှံးရုတ်/ မိမိအာမခံထံ စာပြန် |
| ည ၆ : ၃၀ | ၁၅ မိနစ်ခန့် တရားထိုင်/ စုပေါင်းဘုရားရှိခိုး |
| ည ဘုရားရှိခိုးပြီး | ဩဝါဒနာယူ |
| ည ဩဝါဒပြီး | အဖျော်ရည်ဘုဉ်းပေး/ အာမခံထံ စာပြန် |
| ည ၈ : ၀၀ မှ ည ၁၀ : ၀၀ အထိ | စာချ/ စာတက်/ စာကျက် |
| ည ၁၀ : ၃၀ | အနားယူအိပ်စက် |

**မှတ်ချက်။** ။ ၁၄–နှစ်အောက် ကိုရင်ငယ်လေးများ ည ၉ : ၀၀ အချိန်တွင် မိမိနေရာ၌ ၅–မိနစ် တရားထိုင်၍ အနားယူအိပ်စက်ရမည်။

အဖိတ်နေ့ ညနေ ၆ : ၀၀ တွင် စုပေါင်းတရားထိုင်၍ ည ၇ : ၀၀ တွင် ဩဝါဒခံယူရပါမည်။ ဩဝါဒအပြီးတွင် ရဟန်းတော်များ နိဿရည်းယူ၍, ကိုရင်များ သီလယူရမည်။ အဖျော်ရည်ဘုဉ်းပေးပြီးချိန်မှ ည ၁၀ : ၀၀ နာရီအထိ စာကျက်ရမည်။

ဥပုသ်နေ့တိုင်း အပတ်စဉ်စာမေးပွဲကို ဖြေဆိုကြရမည်။ ဥပုသ်နေ့ ညနေ ၄:၀၀ နာရီတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရမည်။ ကိုရင်ငယ်လေးများကား စုပေါင်းကာ ကဗျာဆိုရမည်၊ သန့်ရှင်းရေးမလုပ်ရ။ ၈–ရက် ဥပုသ်နေ့တိုင်း ည ၆ : ၀၀ နာရီအချိန်တွင် စုပေါင်းကာ ပဋ္ဌာန်းပူဇော်ကြရပြီး ရွှေကျင်စာတမ်းဖတ်ပြ၊ ရှင်းပြသည်ကို နားထောင်ကြရမည်။

Scanned with CamScanner

## မဟာဝိဟာရကျောင်းတိုက် (လှည်းကူး)

# ဝတ်ရွတ်စဉ်




Scanned with CamScanner